INDIANA DEPARTMENT OF TRANSPORTATION

100 North Senate Avenue
Room N925
Indianapolis, Indiana 46204

ဖုန်း - (317) 232-3019
ဖက်စ် - (317) 232-1499

Eric Holcombo ပြည်နယ်
အုပ်ချုပ်ရေးမှူး
Joe McGuinness၊
ကော်မရှင်အဖွဲ့ဝင်

# မသန်စွမ်း အမေရိကန်များ အက်ဥပဒေနှင့် ပြန်လည်ထူထောင်ရေး အက်ဥပဒေ 1973 ၏ အပိုဒ် 504 အရ ခွဲခြားဆက်ဆံခြင်းမပြုရန် သတိပေးချက်

ပြင်ဆင်ထားသော မသန်စွမ်း အမေရိကန်များ အက်ဥပဒေ (ADA) 1990 (42 U.S. C. §§12101 et seq.) ၏ ခေါင်းစဉ် II နှင့် ပြင်ဆင်ထားသော ပြန်လည်ထူထောင်ရေး အက်ဥပဒေ 1973 ၏ အပိုဒ် 504 (Section 504) (29 U.S.C. §794) နှင့် 28 CFR 35၊ 49 CFR 27 တို့တွင် တွေ့ရှိရသော ဆောင်ရွက်နေသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ Indiana သယ်ယူပို့ဆောင်ရေး ဌာန (INDOT) သည် ၎င်း၏မူဝါဒများ သို့မဟုတ် ၎င်း၏ အစီအစဉ်၊ ဝန်ဆောင်မှုနှင့် လှုပ်ရှားမှုများတွင် ဝင်ခွင့်ပေးခြင်း၊ အသုံးပြုခွင့်ပေးခြင်း၊ ပြုမူဆက်ဆံခြင်း သို့မဟုတ် အလုပ်ခန့်အပ်ခြင်းတို့တွင် အရည်အချင်းရှိသူ မသန်စွမ်း ပုဂ္ဂိုလ်များအား ခွဲခြားဆက်ဆံခြင်း မပြုပါ။

အရည်အချင်းရှိသူ မသန်စွမ်း ပုဂ္ဂိုလ်များအနေနှင့် အခြားသူများနှင့် ရလဒ်တူ ရရှိနိုင်ရန်၊ အကျိုးခံစားခွင့်တူ သို့မဟုတ် အဆင့်တူအောင်မြင်မှုတို့ ရရှိနိုင်ရန်အတွက် တူညီသော အခွင့်အရေး ပေးရာတွင် ၎င်းတို့နှင့် အကျိုးသက်ရောက်မှုရှိသည့် ဆက်သွယ်ရေး ပိုမိုရရှိနိုင်ရန် တောင်းဆိုသည့်အခါ INDOT သည် သင့်လျော်သော အကူအညီ ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပေးအပ်ရန် အကောင်းဆုံး ကြိုးစားအားထုတ်ပါမည်။ အဆိုပါ အားထုတ်မှုများတွင် အရည်အချင်းရှိသော သင်္ကေတဘာသာ စကားပြန်များ၊ မျက်မမြင်စာသုံး စာရွက်စာတမ်းများနှင့် စကားပြော၊ အကြားအာရုံနှင့် အမြင်အာရုံ ချွတ်ယွင်းမှုရှိသော ပုဂ္ဂိုလ်များနှင့် ဆက်သွယ်မှုပြုလုပ်နိုင်ရန် အခြားထုတ်ကုန်နှင့် ဝန်ဆောင်မှုများ ပေးအပ်ခြင်းတို့ ပါဝင်နိုင်သည်။

အရည်အချင်းရှိသူ မသန်စွမ်း ပုဂ္ဂိုလ်များအနေနှင့် ၎င်း၏ အစီအစဉ်၊ လှုပ်ရှားမှုများကို အသုံးပြုရာတွင် တူညီသော အခွင့်အရေး ပေးနိုင်ကြောင်း သေချာရန် တောင်းဆိုသည့်အခါ INDOT သည် မူဝါဒနှင့် အစီအစဉ်များကို သင့်လျော်သော ပြုပြင်မှုများ ပြုလုပ်ပါမည်။ INDOT သည် အခြေခံအားဖြင့် ၎င်း၏ အစီအစဉ်များ သို့မဟုတ် ဝန်ဆောင်မှုများကို ပြောင်းလဲစေမည့် သို့မဟုတ် ငွေရေးကြေးရေး သို့မဟုတ် စီမံအုပ်ချုပ်ရေး ဝန်ထုပ်ဝန်ပိုးများ ရရှိစေမည့် လုပ်ဆောင်ချက်များကို ပြုလုပ်ရန်မလိုပါ။

INDOT သည် အကူအညီ ပစ္စည်းများ၊ ဝန်ဆောင်မှုများ သို့မဟုတ် မူဝါဒများအတွက် သင့်လျော်သော ပြုပြင်မှုများ ပေးအပ်ရသည့် ကုန်ကျစရိတ်ကို ကာမိစေရန် အရည်အချင်းရှိသူ မသန်စွမ်း ပုဂ္ဂိုလ်များအား အပိုကြေးယူမည် မဟုတ်ပါ။

အပိုဒ် 504 သို့မဟုတ် ADA နှင့် ပတ်သက်ပြီး စုံစမ်းမေးမြန်းမှုများ သို့မဟုတ် မကျေနပ်ချက်များ ရှိပါက Barbara Malone, ခေါင်းစဉ် VI/ADA အစီအစဉ် ညွှန်ကြားရေးမှူး၊ 100 N. Senate N925၊ Indianapolis၊ IN 46204၊ (317)232-3019၊ bamalone@indot.in.gov ကိုဆက်သွယ်ပါ။

INDOT သည် ADA မကျေနပ်ချက်များအတွက်လည်း အသုံးပြုသော INDOT ၏ ခေါင်းစဉ် VI မကျေနပ်ချက် လုပ်ငန်းစဉ် နှင့်အညီ မကျေနပ်ချက်အားလုံးကို စုံစမ်းစစ်ဆေးမည်ဖြစ်ပြီး အထောက်အထားခိုင်လုံသော ချိုးဖောက်မှုကြောင့် သက်ရောက်မှုကို ကျော်လွှားနိုင်ရန်အတွက် သာတူညီမျှသော ဖြေရှင်းချက်ပေးရန် လိုအပ်သည်ဟု ယူဆရသည့် မည်သည့်အမှားပြင်ဆင်မှု လုပ်ဆောင်ချက်ကိုမဆို ချက်ချင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

9/17/2017

Joe McGuinness
INDOT ကော်မရှင်အဖွဲ့ဝင်

ရက်စွဲ